သဇြုဆျောင်းကျေးရွာ

ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သဇြုဆျောင်းကျေးရွာ၊ ထားဝယ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	သဗြုရောင်းကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၉
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၉
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၉
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၁
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၂
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၂
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၀
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၁၃
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၁၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သဇြုချောင်းကျေးရွာ

ထားဝယ်မြို့နယ်

သဗြုရောင်းကျေးရွာ ကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ထားဝယ်မြို့နယ်၊ မြေးခံဘော်ကျေးရွာအုပ်စု၊ သဗြုချောင်းကျေးရွာသည် ထားဝယ်-မေတ္တာ ကားလမ်းပေါ်ရှိ ကျောက်မဲတောင်ကျေးရွာမှ (၉)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ အိမ်နီးချင်းကျေးရွာများဖြစ်သော ခေါင်းဆေးချောင်းကျေးရွာ၊ ညောင်တုန်းကျေးရွာ၊ ညောင်တုန်းကျေးရွာ၊ မြေးခံဘော်ကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေပါသည်။ သဗြုချောင်းကျေးရွာသည် ပထဝီဝင် အနေအထားအရ မြေပြန့်ဧရိယာ ပေါများပြီး၊ တောင်ကုန်း၊ တောင်တန်းများ လည်းရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

သဗြုချောင်းကျေးရွာသည် တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ ၈၀ မှ ၁၀၀ ဝန်းကျင်တွင် ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုပါသည်။ ကျေးရွာတွင် သစ်တောများပြုန်းတီးလာပြီး တိရစ္ဆာန်များ မှီခိုရာနည်းပါးလာသောကြောင့် တိရစ္ဆာန်မျိုးစိတ်များမှာ သုံးပုံတစ်ပုံခန့်သာ ရှိပါတော့သည်။ ဓာတ်ငွေ့နှင့် ရေနံကဲ့သို့သော သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ ကျေးရွာအတွင်း သဘာဝတိရိစ္ဆာန်မျိုးစိတ်များ နည်းပါးလာပြီး သဘာဝအရင်းအမြစ်များလည်း နည်းပါးလာပါသည်။ သဘာဝအပင်မျိုးစိတ်များ၊ ဆေးဘက်ဝင်အပင်များမှာ ယခင်ကထက် ရရှိနိုင်မှု နည်းပါးလာပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

သဗြုချောင်းကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့နှင့် ဘာသာရေးအဖွဲ့များသာ ရှိပါသည်။ ထိုအဖွဲ့အစည်းများမှာ အချင်းချင်း ဆက်သွယ် ဆောင်ရွက်မှုများရှိပြီး ကျေးရွာ၏ ဖွံ့ဖြိုးရေးအတွက် အချင်းချင်းပူးပေါင်း ဆောင်ရွက်ကြပါသည်။ ယခုအခါတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ သားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သဗြုချောင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမှာ UNHCR, NRC နှင့် KBC အဖွဲ့များသာ ရှိပါသည်။ UNHCR အဖွဲ့မှာ ကျေးရွာအတွက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး၊ NRC အဖွဲ့မှာ မူလတန်းကျောင်းဆောက်လုပ်ခြင်း၊ ကျောင်းအိမ်သာဆောက်လုပ်ပေးခြင်းများ ဆောင်ရွက်ပေးပါသည်။ KBC အဖွဲ့မှာ ကျေးရွာ၏ ကျန်းမာရေးဆိုင်ရာများအတွက် အထောက်အပံ့များ ရရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

သဖြုချောင်းကျေးရွာသည် တောင်ယာစပါးနှင့် ဥယျာဉ်ခြံစိုက်ပျိုးရေးကိုသာ လုပ်ကိုင်ကြပြီး မြေဆီလွှာအရည်အသွေးမှာလည်း အသင့်အတင့် ကောင်းမွန်ပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေဖြင့်သာ စိုက်ပျိုးနေကြရပြီး စိုက်ပျိုးရေးအတွက် နည်းပညာများ ရရှိခြင်း မရှိသောကြောင့် ဝင်ငွေများ ရရှိနိုင်မှုလည်း နည်းပါးပါသည်။ မိရိုးဖလာစိုက်ပျိုးနည်းဖြင့်သာ စိုက်ပျိုးကြပါသည်။

ကျေးရွာတွင် လယ်မြေဧကပိုင်ဆိုင်သော တောင်သူလယ်သမား အိမ်ထောင်စုသည် (၉၈.၆၈%)ခန့် ရှိ၍ စပါးထုတ်လုပ်မှုအပိုင်းတွင် ကျေးရွာ၏ ဝမ်းစာဖူလုံမှုအတွက် အသင့်အတင့် ရှိပါသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ ကွမ်းသီးနှင့် သီဟိုဠ် ဖြစ်ပြီး ကွမ်းသီးသည် ပျမ်းမျှတစ်ဧကလျှင် ၄၂၅ ပိဿာခန့်ထွက်ရှိပါသည်။ သွင်းအားစု လိုအပ်ချက်မှာ မြင့်မားပြီး အမြတ်ရရှိမှု နည်းပါသည်။ သီဟိုဠ်စိုက်ပျိုးမှုမှာ တစ်ဧကလျှင် ပျမ်းမျှ ၅၀၀ ပိဿာခန့်ထွက်ရှိပြီး အမြတ်ရရှိမှု အသင့်အတင့်ရှိပါသည်။ ရာဘာကိုမူ ယခုနှစ်တွင်မှ စတင်စိုက်ပျိုးနေပြီဖြစ်သည်။ တစ်ချို့သော ဆင်းရဲသားကျပန်းမိသားစုများသည် လယ်ယာလုပ်ငန်းခွင်တွင် နေ့စားအလုပ်သမားများအဖြစ် ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ဥယျာဉ်ခြံပိုင်ရှင်များသည် ငွေကြေးမလုံလောက်သောကြောင့် ကျန်ရှိသော ခြံမြေဧကများတွင် စိုက်ပျိုထားသည့် အသီးမသီးသေးသည့် အပင်ငယ်များကို တောခုတ်ရှင်းလင်းခြင်း၊ ပြုပြင်ခြင်းများ မပြုလုပ် နိုင်ကြပေ။ ထိုကြောင့် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် အတိုးနှုန်းသက်သာသော ချေးငွေများ၊ နည်းပညာပေး သင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ခြင်း၊ ဈေးကွက်ဆိုင်ရာ အသိပညာများ တိုးတက်လာစေရန် ပြုလုပ်ပေးခြင်း၊ ဈေးကွက်ချိတ်ဆက်မှုများ လုပ်ဆောင်ပေးခြင်း စသည်တို့ လိုအပ်နေပါသည်။

ခေါင်းဆေးချောင်းကျေးရွာတွင် သီးနှံစိုက်ပျိုးရေးအတွက် မိုးရေဖြင့်သာ အဓိကစိုက်ပျိုးကြပြီး ချောင်းရေယူ၍လည်း စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးအတွက် မြတ်ရိတ်စက်ကိုသာ အသုံးပြုကြပါသည်။ စိုက်ပျိုးရေးအတွက် အခြားသော စိုက်ပျိုးရေးသုံး ကိရိယာများ သုံးစွဲခြင်းမရှိပါ။

သဖြုချောင်းကျေးရွာတွင် စိုက်ပျိုးရေးအတွက် ချောင်းရေဖြင့်သာ စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု နည်းပါးပြီး တောများခုတ်ထွင်ရှင်းလင်းရန်အတွက် မြက်ရိတ်စက်ကိုသာ အသုံးပြုကြပါသည်။ စိုက်ပျိုးရေးအတွက် ချေးငွေများကို မည်သည့်ဌာနမှ လာရောက်ချေးပေးခြင်းများ မရှိပါ။ စိုက်ပျိုးနည်းအားဖြင့် မိရိုးဖလာ

စိုက်ပျိုးနည်းဖြင့်သာ စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် အတိုးနှုန်းသက်သာသော ချေးငွေများ ရရှိခြင်း၊ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှု အားနည်းခြင်းတို့သည် သီးနှံထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခက်အခဲများပင်ဖြစ်သည်။ သီးနှံထွက်ကုန်များကို ဈေးနှုန်း မှန်ကန်စွာဖြင့် အလွယ်တကူ ရောင်းချနိုင်မှု နည်းပါးပါသည်။ မျိုးကောင်းမျိုးသန့်များ ရရှိနိုင်သည့်နေရာများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုးရေး နည်းပညာပေးသင် တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက်ရှိပါသည်။

(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

သဖြုချောင်းကျေးရွာတွင် အိမ်ထောင်စု (၁၇) စုမှ နွား (၆၆) ကောင်၊ အိမ်ထောင်စု (၁၇) စုမှ ဝက်ကောင်ရေ (၂၀) ကောင်၊ အိမ်ထောင်စု (၆၀) စုမှ ကြက်ကောင်ရေ (၁၀၅၀) ကောင်၊ အိမ်ထောင်စု (၁၀) စုမှ ဘဲကောင်ရေ (၂၀) ကောင် ကိုသာ မွေးမြူထားသည့် အိမ်ထောင်စုများရှိပြီး စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိပါ။ မျိုးကောင်းမျိုးသန့်များ အလွယ်တကူ မရရှိနိုင်ခြင်းနှင့် ဈေးကွက်လက်လှမ်းမီမှု မရှိခြင်းများ ကြောင့် မွေးမြူရေး လုပ်ကိုင်သူ နည်းပါးခြင်း ဖြစ်ပါသည်။

အချို့အိမ်ထောင်စုများမှာ စီးပွားဖြစ်မွေးမြူလိုသော်လည်း ဈေးကောင်းမရရှိသည့် အတွက် မလုပ်ဆောင်ဖြစ်ကြပေ။ ကျေးရွာတွင်သာ ရောင်းချကြခြင်း၊ တိရစ္ဆာန်ရောဂါ ကျရောက်လျှင် ဝန်ဆောင်မှုပေးနိုင်မှုမရှိခြင်း စသည်တို့ကြောင့် တိရစ္ဆာန်ရောဂါ ကာကွယ် ရေးနည်းလမ်းများ၊ စီးပွားဖြစ်မွေးမြူသည့် နည်းပညာများနှင့် မျိုးကောင်းမျိုးသန့် ရရှိရန် ချိတ်ဆက်မှုများ လိုအပ်နေပါသည်။

သဖြုချောင်းကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် အခွင့်အလမ်း များမှာ မရှိသလောက်ရှားပါးပါသည်။ မွေးမြူရေးနှင့် သက်ဆိုင်သော နည်းပညာပေး သင်တန်းများ၊ မျိုးကောင်းမျိုးသန့် ရရှိနိုင်သည့်နေရာများ၊ စီးပွားဖြစ် မွေးမြူသည့်နည်း စနစ်များ ရရှိအောင် ချိတ်ဆက်ရန် လိုအပ်လျက် ရှိပါသည်။

သဖြုချောင်းကျေးရွာတွင် မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာ များမှာ မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာ ဝယ်ယူမရရှိနိုင်ခြင်း၊ နည်းပညာနှင့်အုပ်ချုပ်ရေး ဆိုင်ရာ ဝန်ဆောင်မှုများအလွယ်တကူ မရရှိနိုင်ခြင်း၊ ချေးငွေများ အလွယ်တကူ မရသည့်အပြင် အတိုးနှုန်းကြီးစွာဖြင့် ချေးငှားရခြင်း၊ သွင်းအားစုများကိုလည်း အလွယ်တကူ မဝယ်ယူနိုင် ခြင်း၊ ထုတ်ကုန်ရောင်းဝယ်မှုများတွင်လည်း ဈေးကွက်မမီခြင်းများ ရှိသည့်အတွက် နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက်ရှိပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

သဖြုချောင်းကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း များတွင် ကိုယ်ပိုင်လုပ်ကိုင်သည့် အိမ်ထောင်စုအရေအတွက် နည်းပါးပါသည်။ ဥယျာဉ်ခြံများတွင် အငှားလိုက်လုပ်သူ၊ လယ်ယာစိုက်ပျိုးရေးတွင် အငှားလုပ်သူစသည့် ကျပန်းလုပ်ငန်း လုပ်ကိုင်သူများလည်း ရှိသည်။

သဖြုချောင်းကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ၏ ပြဿနာမှာ ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းခြင်း၊ အခြားဒေသထွက်ကုန် များမှာ လည်းဈေးကွက်မရှိခြင်း၊ (၂၄)နာရီလျှပ်စစ်မီး မရရှိသေးသည့်အတွက် တစ်ပိုင်တစ်နိုင် အိမ်တွင်းမှုလုပ်ငန်းများ မဆောင်ရွက်နိုင်ပေ။ အလုပ်အကိုင်အခွင့်အလမ်းများလည်းနည်းပါး ပါသည်။ အဆင်ပြေသည့် အိမ်ထောင်စုများမှ သားသမီးများသာ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားမှု အခွင့်အလမ်းများပြီး၊ ဆင်းရဲသည့် မိသားစုများအတွက် အသက်မွေးဝမ်း ကျောင်း ပညာသင်ယူနိုင်မှု နည်းပါးပါသည်။ ထိုကြောင့် ကျေးရွာတွင်ရှိသော အမျိုးသမီး/ အမျိုးသားငယ်များအတွက် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်နေပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

သဖြုချောင်းကျေးရွာသည် မြို့နှင့်အလှမ်းဝေးသဖြင့် ချေးငွေများ ရရှိနိုင်ခြင်း မရှိပါ။ စိုက်ပျိုးရေးအတွက် ငွေကြေးများ လိုအပ်ပါက ငွေတိုးချေးသူထံမှ အတိုးနှုန်းကြီးစွာဖြင့် ချေးယူနေကြရပါသည်။ ကျေးရွာတွင် အတိုးနှုန်းသက်သာသော ချေးငွေများ မည်သည့်ဌာန၊ အဖွဲ့အစည်းများမှ လာရောက်ထုတ်ချေးပေးခြင်းများ မရှိပါ။ မိသားစု စားဝတ်နေရေးကိစ္စများ၊ အရေးပေါ်ကိစ္စများနှင့်ကြုံသည့် အချိန်တွင် ကျေးရွာတွင် ငွေချေးသူများ၊ ဆွေမျိုးမိတ်ဆွေ များမှလည်း အတိုးနှုန်းကြီး မြင့်မားစွာဖြင့် ချေးယူနေရသဖြင့် အတိုးနှုန်းသက်သာသည့် ကာလရှည်ချေးငွေဝန်ဆောင်မှု ရရှိရန် လိုအပ်နေပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

သဖြုချောင်းကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ဆိုင်ကယ် (၆၀)စီး၊ ထော်လာကျီ (၂)စင်း၊ ကား (၂)စင်းနှင့် နွားလှည်း (၁၀)စီးတို့ဖြင့် ရွာ၏သယ်ယူ ပို့ဆောင်ရေးကို ၎င်းတို့ဖြင့် အဓိက လုပ်ဆောင်နေကြပါသည်။ ကျေးရွာသည် မြို့နှင့် အလှမ်းဝေးပြီး အချို့ အိမ်ထောင်စုများမှာ ကိုယ်ပိုင်ယာဉ် မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများ ဖြစ်ပေါ် လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

သဗြုချောင်းကျေးရွာတွင် ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများ ဖြစ်ပြီး ပျက်စီးနေ၍ သွားလာရ ခက်ခဲခြင်း၊ လမ်းပျက်စီးခြင်းများ ဖြစ်ပေါ်နေသည့်အတွက် ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင် လိုကြပါသည်။ ကျေးရွာချင်းဆက်လမ်းသည်လည်း မြေသားလမ်းများဖြစ်သည့်အတွက် လမ်းပျက်စီးနေမှုများ ဖြစ်နေပြီး တစ်ဆင့်မြှင့်တင်ခြင်းများ ပြုလုပ်ရန်လိုအပ်ပါသည်။

ခေါင်းဆေးချောင်းကျေးရွာတွင် တံတားများ မရှိပါ။ ကျေးရွာသည် ကုန်းလမ်း ပို့ဆောင်ရေးကိုသာ အဓိကထား အသုံးပြုပြီး ရေကြောင်းသယ်ယူပို့ဆောင်ရေးမှာ အသုံးပြုခြင်းမရှိပါ။

(ခ) ကျေးရွာ မီးလင်းရေး

သဗြုချောင်းကျေးရွာ၏ ယခုလက်ရှိတွင် ဓာတ်အားလိုင်းမှ လျှပ်စစ်မီး မရရှိသေးပါ။ ကျေးရွာရှိ အိမ်ထောင်စုအချို့မှာ ဆိုလာစနစ်ကို အသုံးပြုကြပြီး ကျန်အိမ်ထောင်စုများမှာ ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်တို့ကို အသုံးပြုကြပါသည်။ ဆိုလာအသုံးပြုသော အိမ်ထောင်စုများမှာ မိုးရာသီ နေရောင်ခြည်ကောင်းစွာမရရှိသော အချိန်များတွင် အခက်အခဲများကြုံတွေ့ရပါသည်။ လျှပ်စစ်မီး ရရှိလာမည်ဆိုပါက ကျောင်းသား/သူများ၏ ပညာရေး တိုးတက်လာစေမှုနှင့် ကျေးရွာအတွင်း အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေမှုကို အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

သဗြုချောင်းကျေးရွာတွင် ဆက်သွယ်ရေးအားဖြင့် အထိုင်ဖုန်းများသာ လိုင်းကောင်း၍ လက်ကိုင်ဖုန်းများမှာ လိုင်းမကောင်းပါ။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၅) လုံး၊ တီဗွီ (၁၅) လုံးတို့မှ ရရှိပါသည်။ ကျေးရွာတွင် (၂၄) နာရီ မီးလင်းမှု မရရှိသေးသဖြင့် အချိန်နှင့်တပြေးညီ အားသွင်းခြင်း မပြုလုပ်နိုင်သည့်အတွက် သတင်းအချက်အလက်များ အချိန်မီ မသိရှိနိုင်ခြင်းများ ရှိပါသည်။ ကျေးရွာ၏ အချို့နေရာများတွင် ဖုန်းလိုင်းမမိသည့် အခြေအနေများ ရှိပါသည်။ ထိုကြောင့် ကျေးရွာတွင် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ ကောင်းရန်အတွက် လိုအပ်နေပါသည်။

၆။ ပညာရေး

သဗြုချောင်းကျေးရွာတွင် ဘွဲ့ရသူ(၁) ဦးသာ ရှိပါသည်။ ကျေးရွာ၏ စာတတ်မြောက်မှုရာခိုင်နှုန်းမှာ ရာနှုန်းပြည့်ရှိသော်လည်း မူလတန်းပညာမပြီးဆုံးသူနှင့် မူလတန်းပညာပြီးဆုံးသူများသာ ရှိကြပါသည်။ မူလတန်းပညာပြီးမြောက်မှုမှာ စုစုပေါင်း လူဦးရေ၏ (၁၃၁) ဦး၊ အလယ်တန်းပညာ ပြီးမြောက်မှုမှာ (၇)ဦး သာရှိပြီး အထက်တန်းပညာ ပြီးမြောက်မှုတွင် လည်း(၉)ဦး ရှိပါသည်။ သို့သော် အထက်တန်းပညာရေးပြီးဆုံးနှုန်းနှင့် တက္ကသိုလ်ပညာ

ပြီးဆုံးသူနှုန်းတို့မှာ သုံးပုံတစ်ပုံခန့် ကွာသည့်အတွက် အထက်တန်းပညာ ပြီးဆုံးရေးသည် ပညာရေး တိုးတက်မှုအတွက် အဓိကဖြစ်ပြီး မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်သာ အတန်းပညာ ပြီးမြောက်မှု များပြားနေပါသည်။

သဖြူချောင်းကျေးရွာတွင် မူလတန်းကျောင်းသာရှိပြီး ကျေးရွာအတွင်းတွင် ရှိသော ကြောင့် ကျောင်းသား/သူများ ခြေလျင်၊ စက်ဘီးတို့ဖြင့် သွားလာကြပါသည်။ ကျောင်းသား/သူ များအတွက် ကျောင်းသုံးပရိဘောဂများမှာလည်း လုံလောက်မှုရှိပြီး ကျောင်းအိမ်သာမှာလည်း ကောင်းမွန်ပါသည်။ ကျေးရွာတွင် မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ်များ မရှိပါ။ အခမဲ့ပညာရေးစနစ်ကို အကောင်အထည် ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေပါသည်။ ကုန်ကျစရိတ် သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်း လိုအပ်နေပါသည်။ ကျောင်းသား/သူ များအား စာကျက်ဖြစ်စေရန် တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန် အတွက် မိဘများမှ ဝိုင်းဝန်းဆောင်ရွက်ရန်မှာ အရေးပါလှပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

သဖြူချောင်းကျေးရွာတွင် တီဘီ၊ ဆီးချိုနှင့် သွေးတိုးရောဂါများ အဖြစ်များပြီး ကျန်ရောဂါများမှာ ဖြစ်ပွားမှုနှုန်း နည်းပါးပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ ကျန်းမာရေးနှင့် ပတ်သက်သည့် ကာကွယ်ဆေးထိုးနှံမှုများကို မြေးခံဘော်ကျေးရွာတွင် သွားရောက်ထိုးနှံကြရပါသည်။ ကျေးရွာအတွင်း ရိုးရိုးဖျားနာသူများ၊ ကလေးမွေးဖွားသူများအတွက် အဆင်ပြေမှုများရရှိပြီး ရောဂါပြင်းထန်လာသည့်အခါ (၃)မိုင်ခန့် ကွာဝေးသော မြို့နယ်ဆေးရုံသို့ သွားရောက်၍ ကုသကြရပါသည်။

ကျေးရွာရှိ အိမ်ထောင်စုများသည် သောက်သုံးရေအတွက် ရေတွင်း(၄)တွင်းမှ နွေ၊ မိုးနှင့် ဆောင်း အချိန်မရွေး သုံးစွဲနိုင်ပါသည်။ ကျေးရွာတွင် ရေသုံးစွဲမှုအားဖြင့် ချောင်းရေကိုလည်း အသုံးပြုကြပါသည်။ ကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်းမှလည်း သောက်သုံးရေကို ရယူသုံးစွဲကြပါသည်။

သဖြူချောင်းကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စု (၁)စုနှင့် ကျင်းအိမ်သာ သုံးစွဲသော အိမ်ထောင်စု (၇၅)စုရှိပါသည်။ ကျင်းအိမ်သာသုံးစွဲသော အိမ်ထောင်စုများမှာ ယင်လုံအိမ်သာဆောက်လုပ်ရန်အတွက် ငွေကြေးမတတ်နိုင်သောကြောင့် ဆောက်လုပ်ရန် အခက်အခဲများ ရှိနေပါသည်။ ထိုကြောင့် အိမ်တိုင်းစေ့ သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲမှု တိုးတက်လာစေရန် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဖြူချောင်းကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကျရောက်မှု မရှိပါ။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်းထားရှိမှု မရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အနေဖြင့် အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက် ရှိပါသည်။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရမည့်စီမံချက်များ မရှိသည့်အတွက် လိုအပ်သည်များကို ပြုလုပ်ပေးရန်နှင့် အမှိုက်များ စနစ်တကျစွန့်ပစ်ရန်အတွက် နည်းလမ်းပြမှုများ၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်လျက်ရှိပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

သဖြူချောင်းကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသား ဦးရေမှာ အတူတူပင်ဖြစ်သည်။ ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု၊ ခေါင်းဆောင်မှုများ ရှိပါသည်။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာ ရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်သည်။ သို့သော်ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုရကြပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော အုပ်ချုပ်ရေး အဖွဲ့တွင် အမျိုးသားများသာပါဝင်ပြီး ဘာသာရေးအဖွဲ့တွင် အမျိုးသားနှင့် အမျိုးသမီးပါ ပါဝင်ဖွဲ့စည်းထားပါသည်။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက် လူထု၏ အသိအမြင်ရှိမှု အားနည်းနေသေးပြီး ဟောပြောဆွေးနွေးပွဲများ ပြုလုပ်ပေးစေလိုပါသည်။ ကျားမတန်းတူ ညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှု တို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - မြေးခံဘော်			ကျေးရွာအမည် - သဖြုချောင်း	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အခြေခံအဆောက်အဦ	ကျေးလက်အိမ်ယာ	ဆရာ/မများ နေရန် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးခြင်း။ .	
၂	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ တံတား	ကျေးရွာတွင်ခန်းမဆောင်အဝင်လမ်းအားအဆင့်မြှင့်တင်ပေးခြင်းနှင့် လမ်းဘေးဝဲယာ ရေမြောင်းတူးဖော်ခြင်း။	
၃	လျှပ်စစ်	မိသားစုသုံးဆိုလာ	တစ်အိမ်သုံးဆိုလာမီးများ ရရှိအောင် ဆောင်ရွက်ပေးခြင်း။	
၄	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ပေးခြင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းလှပရေး ဆောင်ရွက် ခြင်း။	
၅	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းသုံးပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်း။	
၆	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ကျင်းပပေးခြင်း။	
၇	ကျန်းမာရေး	ကျေးလက်ကျန်းမာရေး ဆေးပေးခန်း၊ ကာကွယ်ဆေးထိုးခြင်း	ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ပေးခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများ ချထားပေးခြင်း။	
၈	ကျန်းမာရေး	ကျေးလက်ကျန်းမာရေး ဆေးပေးခန်း၊ ကာကွယ်ဆေးထိုးခြင်း	လူနာတင်ယာဉ် ရရှိအောင် ဆောင်ရွက်ပေးခြင်း။	
၉	အုပ်ချုပ်ရေး		အုပ်ချုပ်ရေးမှူးရုံး ဆောက်လုပ်ပေးခြင်း။	

နောက်ဆက်တွဲ (၁)

သဖြူချောင်းကျေးရွာ၊ မြေးခံဘော်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	စောဖီးနဲ	ဦးစောချော	ဖ/ထဝန(နိုင်) ၁၀၆၅၅၃	၃၅	ဥက္ကဋ္ဌ	
၂	စောလေးဖိုး	စောဖိုးနီး	ဖ/ထဝန(နိုင်) ၀၉၆၁၃၄	၄၇	အတွင်းရေးမှူး	
၃	ဦးဒေးကြူ	ဦးစိန်ရွှေ	ဖ/ထဝန(နိုင်) ၀၆၄၅၂၉	၆၀	ဘဏ္ဍာရေးမှူး	
၄	နော်လှသိန်း	ဦးထွန်းမြင့်	ဖ/မတန(နိုင်) ၀၀၂၀၃၃	၄၆	စာရင်းကိုင်	
၅	နော်တခေါ့ဖေါ့	ဦးဘဝင်း	ဖ/ထဝန(နိုင်) ၀၈၁၆၀၇	၄၀	စာရင်းစစ်	၀၉-၄၉၈၅၁၅၀၃
၆	စောဖက်ဖေါ	ဦးချစ်လေး	ဖ/ထဝန(နိုင်) ၁၁၀၄၁၇	၃၄	အဖွဲ့ဝင်	
၇	ဦးသိန်းလွင်	ဦးအီးပ	ဖ/ထဝန(နိုင်) ၀၉၆၀၅၈	၅၂	အဖွဲ့ဝင်	၀၉-၄၉၁၀၁၆၀၆
၈	စောသတ်ဆိုး	ဦးပန်းမြိုင်	ဖ/မတန(နိုင်) ၁၀၀၃၄၂	၃၄	အဖွဲ့ဝင်	
၉	စောဆာဂေး	ဦးဖိုးခလေး	ဖ/ထဝန(နိုင်) ၁၀၅၄၀၂	၃၀	အဖွဲ့ဝင်	
၁၀	စောဘာဘာလု	ဦးစောနီး	ဖ/မတန(နိုင်) ၀၈၅၃၈၈	၃၂	အဖွဲ့ဝင်	၀၉-၄၉၈၆၇၉၄၉
၁၁	စောဖေါခေး	ဦးဖိုလို		၄၆	အဖွဲ့ဝင်	
၁၂						
၁၃						
၁၄						
၁၅						

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၅	၁၁
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃၃	၂၁	၅၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၆	၂၉	၅၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၃	၃၂	၆၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၉၀	၉၉	၁၈၉
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၇	၉	၁၆
စုစုပေါင်း		**၁၉၅**	**၁၉၅**	**၃၉၀**
စုစုပေါင်း အိမ်ထောင်စု		**၇၆**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စု (၇၆) စုရှိပါသည်။ (၁) နှစ်အောက် နို့စို့အရွယ်မှာ (၁၁) ဦး ၊ (၁) နှစ်မှ (၅) နှစ်အောက် ကလေးငယ် (၅၄) ဦး ၊ (၅) နှစ်မှ (၉) နှစ် အထိ မူလတန်းကျောင်းသားအရွယ်မှာ (၅၅) ဦး၊ (၉) နှစ်အထက်မှ (၁၅) နှစ်အထိ အလယ်တန်းကျောင်းသားအရွယ်မှာ (၆၅) ဦး၊ (၁၅) နှစ် အထက်မှ (၆၀) နှစ်အထိ အလုပ်လုပ်နိုင်သည့်အရွယ်မှာ (၁၈၉) ဦးနှင့် (၆၀) နှစ်နှင့် အထက်မှာ (၁၆) ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ လူဦးရေ (၅.၁၃) ဦး ခန့် ရှိသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အိမ်ထောင်စု	မိသားစု ဝင် လုပ်အား	အိမ်က ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆၀	၇၁	၆	မြင့် □ လတ်✔ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၃	၅		မြင့် □ လတ်□ နိမ့် ✔
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၆	၂	မြင့် ☐ လတ်✔ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ✔
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၈	၁၂	၁၆	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၇၆	၉၅	၂၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း:"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု

လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ ဈေးဆိုင်ရောင်းသူနှင့် နေ့စားလုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ် ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ လယ်ယာလုပ်ငန်းခွင်တွင် နေ့စားလုပ်ကိုင်ကြသည့် လုပ်အားခနှုန်းထားများမှာ ကျား၊ မ ကွာခြားချက်ရှိသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ		ကောင်း ☐ သင့် ☐ ညံ့ ☐

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
ယာမြေ / တောင်ယာမြေ	၁၈၇	ကောင်း ☐	သင့်✔	ညံ့ ☐
ဥယျာဉ်ခြံမြေ	၅၇၇	ကောင်း ☐	သင့်✔	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၇၄၉**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ယာမြေ (၁၈၇) ဧက နှင့် ဥယျာဉ်ခြံမြေမှာ (၅၇၇) ဧကရှိပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ တောင်ယာမြေ (၂၀) ဧကရှိပြီး မြေဆီလွှာအရည်အသွေးမှာ ကောင်းမွန်ပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်✔ နည်း ☐ မရှိ ☐	လွယ် ✔ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်✔ နည်း ☐ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သစ်တောနှင့် မြစ်ချောင်းများအမီပြုပြီး နေထိုင်ကြသည်။ အိမ်ဆောက်ရန်အတွက် သစ်နှင့် မြစ်ချောင်းမှအလွယ်တကူရရှိသည့် ငါး၊ သဲကျောက်၊ ဆေးဖက်ဝင်အပင်များနှင့် တောင်ရိုင်းတိရိစ္ဆာန်များလည်း အသင်အတင့်ရှိသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၅	၂၀	၂၅	၁၆

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမှာ(၁၅) အိမ်ခန့်ရှိ၍ ထိုအိမ်ထောင်စုတို့၏ မြေယာပိုင်ဆိုင်မှုမှာ ပျမ်းမျှအားဖြင့် တစ်အိမ်ထောင်လျှင် အမြင့်ဆုံး (၁၅)ဧကခန့် ရှိပြီး၊ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ (၂၀) အိမ်ခန့် မှာ မြေယာပိုင်ဆိုင်မှု အမြင့်ဆုံး (၁၀) ဧကခန့်ရှိ၍ ဆင်းရဲသော အိမ်ထောင်စု (၂၅) အိမ်ခန့်မှာ မြေဧက (၅) ဧကခန့် ပိုင်ဆိုင်ပါသည်။ အလွန်ဆင်းရဲသောအိမ်ထောင်စု (၁၆)အိမ်ခန့်မှာ မြေယာပိုင်ဆိုင်မှုအနည်းငယ်ရှိပါသည်။ ထိုအိမ်ထောင်စုများသည် အများအားဖြင့် ကြုံရာကျပန်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ကြပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၈	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		ချေးယူ = ____၈_____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၅	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ____၅_____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အလွန်ဆင်းရဲသော အိမ်ထောင်စုများအနေဖြင့် သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ပြီး၊ ။ အချို့မှာလည်း ကျဘန်းသမားများမှာ အခြားသောအချိန်များတွင်မူ ခေါက်ပြန်ကြွေးယူခြင်း၊ အတိုးဖြင့် ဆွေမျိုး၊ မိတ်ဆွေများထံမှ ငွေချေးနေရခြင်းတို့ဖြင့် စားနပ်ရိက္ခာ ဖူလုံရန် ဖြေရှင်းနေကြပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၁		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၃		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စုမှာ (၁) စုရှိ၍ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စုမှာ (၁)စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စုမှာ (၃)စု ရှိပါသည်။ ထိုအိမ်ထောင်စုတို့သည် သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန် စားသုံးနိုင်ပြီး၊ ။အတိုးဖြင့် ဆွေမျိုး၊ မိတ်ဆွေများထံမှ ငွေချေးနေရခြင်းတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၃	ရေကြီးခြင်း	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဆိုးဆိုးဝါးဝါး ထိခိုက်သက်ရောက်လွယ်မှုမရှိပါ။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မိုးရာသီတွင် အခက်အခဲ ရှိပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၉	ရွှေပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများ ဆိုးဆိုးဝါးဝါးမရှိပါ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး အဖွဲ့	၁☐ ၂✔ ၃☐	၈	၅	၁၃	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✔ သင့် ☐ ညံ့ ☐
၂	အမျိုးသမီး အဖွဲ့	၁☐ ၂☐ ၃✔		၄၀	၄၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✔ သင့် ☐ ညံ့ ☐
၃	လူငယ်အဖွဲ့	၁☐ ၂☐ ၃✔	၁၀	၃၀	၄၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✔ ညံ့ ☐
၄	ဘာသာရေး အဖွဲ့	၁✔ ၂☐ ၃☐	၄၀	၅၀	၉၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ✔

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၅		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သာရေးနာရေးကိစ္စများကို ရပ်မိရပ်ဖများနှင့် ပူးပေါင်း လုပ်ဆောင်နေပါသည်။ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် မြင့်တင်ရေးသင်တန်းများ လုပ်ဆောင်ပေးသင့်ပါသည်။ ကျေးရွာတွင် သာရေးနာရေးကိစ္စများကို ရပ်မိရပ်ဖများနှင့်ပူးပေါင်း လုပ်ဆောင်နေပါသည်။ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် မြင့်တင်ရေးသင်တန်းများ လုပ်ဆောင်ပေးသင့် ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	UNHCR	၁☐ ၂✔ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ✔ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	NRC	၁☐ ၂☐ ၃☐ ၄☐ ၅✔ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			ကျန်းမာရေး ✔ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	KBC	၁✔ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ✔ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအဖွဲ့အစည်းများမှ လာရောက် ကူညီပေးကြပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ၊ ၄င်္ဂါးသွေးစစ်ခြင်းများ၊

ကျောင်းအိမ်သာဆောက်လုပ်ပေးခြင်းများ ၊ ရေတွင်းတူးပေးခြင်း အစရှိသည်တို့ကို လုပ်ဆောင်ပေးကြပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွဲ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၅	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၅	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၅	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၃၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၇၆**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေဖြင့် တစ်ရွာလုံးနီးပါး မြေယာပိုင်ဆိုင်မှုရှိပါသည်။ မြေယာမဲ့အိမ်ထောင်စု (၁) စုသာ ရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး

ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိမ့်စမ်းရေနှင့် ချောင်းရေကိုသာ အဓိကထား အသုံးပြုကြပါသည်။ တစ်နှစ်ပတ်လုံး ရေလုံလောက်မှု ရှိပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ကွမ်း		ပိဿာ	၄၀၀	၄၅၀	၄၂၅	မေ	ဇွန်	မြင့်✔ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်✔
သီဟိုဠ်		ပိဿာ	၄၀၀	၆၀၀	၅၀၀			မြင့်☐ လတ်✔ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဓိက စိုက်ပျိုးသီးနှံမှာ ကွမ်းသီးနှင့် သီဟိုဠ်တို့ ဖြစ်ပါသည်။ ကွမ်းသီးသည် တစ်ဧကလျှင် ပျမ်းမျှ (၄၂၅) ပိဿာခန့် ထွက်ရှိ၍ သွင်းအားစု လိုအပ်ချက် မြင့်ပြီး အမြတ်ရရှိမှုနည်းသည်။ သီဟိုဠ်မှာ တစ်ဧကလျှင် ပျမ်းမျှ (၅၀၀) ပိဿာ ခန့်ထွက်ရှိ၍ အမြတ်ရရှိမှုမှာ အသင့်အတင့် ရှိပါသည်။ ရာဘာကိုမူ ယခုနှစ်တွင် စိုက်ပျိုး နေပါသည်။ ကျေးရွာတွင် အဓိက စိုက်ပျိုးသီးနှံမှာ ကွမ်းသီးနှင့် သီဟိုဠ်တို့ ဖြစ်ပါသည်။ ကွမ်းသီးသည် တစ်ဧကလျှင် ပျမ်းမျှ (၄၂၅) ပိဿာခန့် ထွက်ရှိ၍ သွင်းအားစု လိုအပ်ချက် မြင့်ပြီး အမြတ်ရရှိမှုနည်းသည်။ သီဟိုဠ်မှာ တစ်ဧကလျှင် ပျမ်းမျှ (၅၀၀) ပိဿာ ခန့်ထွက်ရှိ၍ အမြတ်ရရှိမှုမှာ အသင့်အတင့် ရှိပါသည်။ ရာဘာကိုမူ ယခုနှစ်တွင် စိုက်ပျိုး နေပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်				
အစေ့ချ ကိရိယာ				

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၅၇			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်ယာမြေမရှိသောကြောင့် လယ်ယာသုံးပစ္စည်းကိရိယာ မရှိပါ။ မြက်ရိတ်စက် တစ်မျိုးတည်းသာ ရှိပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ✔
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း✔ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ☐ မဖြေဆိုပါ✔
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☐ မဖြေဆိုပါ ✔
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ ✔
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ✔
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ✔
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ✔
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ✔
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ✔

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးမြေရရှိနိုင်မှု အသင့်အတင့် ရှိပါသည်။ ရေအရင်းအမြစ်နှင့်ပတ်သက်၍ သဘာဝမိုးရေဖြင့်သာ စိုက်ပျိုးကြပါသည်။ သဘာဝမြေဆွေးအော်ဂဲနစ် မြေဩဇာနှင့် အော်ဂဲနစ်/ျဓာတု ပိုးသတ်ဆေး မသုံးစွဲပါ။ ချေးငွေနှင့် ဝန်ဆောင်မှုများ မရှိပါ။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ✔
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ✔ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ✔ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ✔ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ✔ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ မဖြေဆိုပါ ✔
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☐ အနည်းငယ် ✔ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ငွေကြေးအခက်အခဲရှိခြင်းတို့ကြောင့် စိုက်ပျိုးမြေတိုးချဲ့နိုင်မှု မရှိပါ။ မြေဆီဩဇာ အသင့်အတင့်ကောင်းမွန်သောကြောင့် သီးနှံထုတ်လုပ်မှုအတွက် ပြဿနာမရှိပါ။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
နွား	၁၇	၆၆
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၁၇	၂၀
ကြက်	၆၀	၁၀၅၀
ဘဲ	၁၀	၂၀
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မိသားစု တစ်ပိုင်တစ်နိုင် မွေးမြူးရေးလုပ်ကိုင်ကြပြီး စီးပွားအဖြစ်မွေးမြူခြင်းမရှိပါ။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့်☐ မဖြေဆိုပါ ✔
ရေရရှိမှု	အလုံအလောက်ရနိုင်☐ အသင့်အတင့်ရနိုင်☐ မဖြေဆိုပါ ✔
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်☐ မဖြေဆိုပါ✔
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေ အသင့်အတင့်ရနိုင်☐ မဖြေဆိုပါ✔
သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ✔
ဝန်ဆောင်မှု နှင့်	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
နည်းပညာပံ့ပိုးမှု	ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ✔
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ✔
